**အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ထားမှုများ**

| စဉ် | ခုနှစ်/ရက်စွဲ | ဖြေလျှော့ဆောင်ရွက်သည့် အကြောင်းအရာ | ဖြေလျှော့အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ၃ထပ်နှင့် အောက် | ၄ထပ်မှ ၈ထပ် | ၉ထပ်မှ ၁၃ထပ် | ၁၄ထပ်နှင့် အထက် |
| ၁ | ၂၀၁၃ခုနှစ် မတ်လ | အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရာတွင် ပစ္စည်းစာရင်းတွက်ချက်မှု (Bill of Quantity) တင်ပြရန် မလိုတော့ပါ။ | ✓ | ✓ | ✓ | ✓ |
| ၂ | ၂၀၁၃ခုနှစ် မတ်လ | (၃)ထပ်အဆောက်အဦများတွင်Structure Calculation တင်ပြရန်မလိုဘဲမှတ်ပုံတင်အင်ဂျင်နီယာ(Structure)မှ ခိုင်ခံ့မှုရှိကြောင်းခံဝန်ကတိဖြင့် ခွင့်ပြုပါသည်။ | ✓ | | | |
| ၃ | ၂၀၁၃ခုနှစ် မတ်လ | ဘေးဝဲ/ယာ (၃'-၀")ချန်ရမည့်မြေကွက်များတွင် သတ်မှတ်မြေချန်ဖြင့် တင်ပြလာပါက ဘေးကပ်လျက်အိမ်ထောက်ခံချက်တင်ပြရန် မလိုတော့ပါ။ ဘေးမြေချန် (၃'-၀")အောက်ချန်ရမည့် မြေကွက်များတွင်သာ ထောက်ခံချက် တင်ပြစေပါသည်။ | ✓ | ✓ | | |
| ၄ | ၀၂/၀၄/၂၀၁၅ | ယခင်ကရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့တော်ခန်းမ) ၌သာ အမှုတွဲဖွင့်လုစ်ဆောင်ရွက်ခဲ့သော်လည်းမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများတွင် အမှုတွဲဖွင့်လုစ်ဆောင်ရွက်ပေးခြင်းအပြင် Online မှလည်း လျှောက်ထားနိုင်ပါသည်။ | ✓ | ✓ | | |
| ၅ | ၂၀၁၇ခုနှစ် ဩဂုတ်လ | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး (EO) ရုံး၏ မြေခွန်မြေခ ကြွေးကျန်ကင်းရှင်းကြောင်းထောက်ခံချက် တင်ပြရန် မလိုတော့ပါ။ | ✓ | ✓ | ✓ | ✓ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ထားမှုများ

| စဉ် | ခုနှစ်/ရက်စွဲ | ဖြေလျှော့ဆောင်ရွက်သည့် အကြောင်းအရာ | ဖြေလျှော့အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ၃ထပ်နှင့်အောက် | ၄ထပ်မှ ၈ထပ် | ၉ထပ်မှ ၁၃ထပ် | ၁၄ထပ်နှင့်အထက် |
| ၆ | ၂၀၁၇ခုနှစ် ဩဂုတ်လ | စက်မှုဇုန်များတွင် အဆောက်အဦ ဆောက်လုပ်ရာ၌ ဇုန်ကော်မတီ၏ အခွန်အခကြွေးကျန်ကင်းရှင်းကြောင်းထောက်ခံချက်တင်ပြရန် မလိုတော့ပါ။ | ✓ | ✓ | ✓ | ✓ |
| ၇ | ၂၀၁၇ ခုနှစ် | ပတ်ဝန်းကျင်(၁၀)အိမ်ထောက်ခံချက်အား လမ်းအတွင်း (၄)ထပ်နှင့်အထက် အဆောက်အဦရှိပါက တင်ပြရန် မလိုတော့ပါ။ | | ✓ | | |
| ၈ | ၀၂/၁၀/၂၀၁၇ | မိသားစုနေထိုင်ရန်အတွက် (၁)ထပ်အဆောက်အဦအား ဖြုတ်/တပ် လွယ်ကူသောပစ္စည်း အမျိုးအစားဖြင့် ဆောက်လုပ်ခွင့် လျှောက်ထားခြင်းများအား မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်တင်ပြရန် မလိုပါ။ | ✓ | | | |
| ၉ | ၀၂/၁၀/၂၀၁၇ | ဖွံ့ဖြိုးဆဲ မြို့သစ်မြို့နယ်များနှင့် ဂရန်လျှောက်ထား၍ မရနိုင်သည့် မြေကွက်ငယ်များတွင် ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဂရန်မြေ၊ ပါမစ်မြေများတွင် ဂရန်မူရင်း၊ မြေချပါမစ်မူရင်းများတင်ပြနိုင်ပါက မြေရာဇဝင်မေးမြန်းစိစစ်ခြင်းမပြုတော့ဘဲ သတင်းစာကြေညာ၍ ကန့်ကွက်သူ မရှိပါက ဆောက်လုပ်ခွင့်အား ဆက်လက်စိစစ် ဆောင်ရွက်ပါသည်။ | ✓ | | | |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ ဖြေလျော့ဆောင်ရွက်ထားမှုများ

| စဉ် | ခုနှစ်/ရက်စွဲ | ဖြေလျော့ဆောင်ရွက်သည့် အကြောင်းအရာ | ဖြေလျော့အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ၃ထပ်နှင့် အောက် | ၄ထပ်မှ ၈ထပ် | ၉ထပ်မှ ၁၃ထပ် | ၁၄ထပ်နှင့် အထက် |
| ၁၀ | ၀၁/၀၄/၂၀၁၈ | ဆောက်လုပ်ခွင့်များအား MAC, MEngC တို့တွင် မှတ်ပုံတင်ထားသော မှတ်ပုံတင်အင်ဂျင်နီယာများဖြင့် တင်ပြလျှောက်ထားစေရေး ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ အများပြည်သူကြိုတင်သိရှိနိုင်ရန်အတွက် (၁၅-၃-၂၀၁၈)ရက်နေ့ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတွင် ထည့်သွင်းကြေညာ၍ ဆောင်ရွက်ခဲ့ပါသည်။ | ✓ | ✓ | ✓ | ✓ |
| ၁၁ | ၀၁/၀၄/၂၀၁၈ | (၄)ထပ်မှ(၈)ထပ်အထိအဆောက်အဦများတွင်မှတ်ပုံတင်အင်ဂျင်နီယာ(Structure)မှလက်မှတ်ရေးထိုးတင်ပြလာပါက အသေးစိတ်စိစစ်ခြင်းမပြုဘဲSOPတွင်ပါရှိသည့် Check Listအတိုင်းသာစိစစ်ဆောင်ရွက်ပါသည်။ | | ✓ | | |
| ၁၂ | ၂၄-၄-၂၀၁၈ | ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍မူဝါဒမဟုတ်သည့် အခြေခံလုပ်ငန်းစဉ်များအား မေးမြန်းစုံစမ်းနိုင်မည့်ပြည်သူ့ဝန်ဆောင်မှုပေးသည့်သတင်းအချက်အလက်ဌာန (Information Counter) ထားရှိဆောင်ရွက်ခဲ့ပါသည်။ | ✓ | ✓ | ✓ | ✓ |
| ၁၃ | ၂၀၁၈ခုနှစ် မေလ | ဟိုတယ်/တည်းခိုခန်းအဖြစ် အသုံးပြုမည့်အဆောက်အအုံများ ဆောက်လုပ်ခွင့်တင်ပြလာပါက ယခင်ကတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ခံချက်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ထောက်ခံချက် တင်ပြစေခဲ့ရာ ယခုတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ခံချက်တစ်ခုတည်း ဖြင့်သာ ဆောင်ရွက်ပေးပါသည်။ | ✓ | ✓ | ✓ | ✓ |

## အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ထားမှုများ

| စဉ် | ခုနစ်/ရက်စွဲ | ဖြေလျှော့ဆောင်ရွက်သည့် အကြောင်းအရာ | ဖြေလျှော့အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ၃ထပ်နှင့်အောက် | ၄ထပ်မှ ၈ထပ် | ၉ထပ်မှ ၁၃ထပ် | ၁၄ထပ်နှင့်အထက် |
| ၁၄ | ၂၀၁၈ခုနှစ် ဇွန်လ | အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင်ကိုယ်တိုင်လာရောက်လျှောက်ထားပါက မြေရှင် သက်ရှိထင်ရှားရှိကြောင်း ခံဝန်တင်ပြရန်မလိုပါ။ | ✓ | ✓ | ✓ | ✓ |
| ၁၅ | ၂၀၁၈ခုနှစ် စက်တင်ဘာလ | ဆောက်လုပ်ခွင့်လျှောက်လွှာတင်သွင်းရာတွင် လိုအပ်သောစာရွက်စာတမ်းများ၊ လုပ်ငန်းစဉ် များ၊ ပေးဆောင်ရမည့်ဝန်ဆောင်ခများ၊ ကြာမြင့်ချိန်နှင့် Check List တို့ပါဝင်သော (SOP) အားအများပြည်သူများသိရှိနိုင်စေရန် www.ycdc.gov.mm, www.myantrade.org Website တို့တွင် ကြေညာထားပါသည်။ MIC Website တွင်လည်း ကြေညာနိုင်ရန် ပေးပို့ထားပါသည်။ | ✓ | ✓ | ✓ | ✓ |
| ၁၆ | ၂၀၁၈ခုနှစ် စက်တင်ဘာလ | ဆောက်လုပ်ခွင့်တင်ပြသော Drawing, Design ပုံစံတွင် လက်မှတ်ရေးထိုးမည့် ကျွမ်းကျင်ပညာရှင်အင်ဂျင်နီယာများ၏ ပညာအရည်အချင်းလိုအပ်ချက်များကို သက်ဆိုင်ရာ MAC, MEngC ၏ Website တွင်ကြေညာပေးသကဲ့သို့ YCDC Website (ycdc. gov. mm) တွင်လည်းသက်ဆိုင်ရာကောင်စီများသို့ ဆက်သွယ်ရမည့် Website Link များကို ကြေညာပေးထားပါသည်။ | ✓ | ✓ | ✓ | ✓ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ထားမှုများ

| စဉ် | ခုနှစ်/ရက်စွဲ | ဖြေလျှော့ဆောင်ရွက်သည့် အကြောင်းအရာ | ဖြေလျှော့အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ၃ထပ်နှင့် အောက် | ၄ထပ်မှ ၈ထပ် | ၉ထပ်မှ ၁၃ထပ် | ၁၄ထပ်နှင့် အထက် |
| ၁၇ | ၂၀၁၈ခုနှစ် စက်တင်ဘာလ | စီးပွားသုံးအထပ်နိမ့်အဆောက်အဦနှင့်(၄)ထပ်နှင့်အထက်အဆောက်အဦများအတွက် BCCတင်ပြရာတွင်ယခင်ကပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင်အမှိုက်ပုံးဝယ်ယူပြီးကြောင်းပြေစာတင်ပြလာမှသာဆောင်ရွက်ပေးခဲ့သော်လည်းယခုအခါအမှိုက်စွန့်ပစ်ရန်လုံလောက်သောအမှိုက်ပုံးထားရှိမည်ဖြစ်ကြောင်းခံဝန်ဖြင့်ခွင့်ပြုပေးပါသည်။ | ✓ | ✓ | | |
| ၁၈ | ၂၀၁၈ခုနှစ် စက်တင်ဘာလ | Proposalတင်ပြရာတွင် SLA(သို့)LAလက်မှတ်ရေးထိုးတင်ပြရန်လိုအပ်သည့်အဆောက်အအုံများအတွက်ယခင်ကSLA(သို့)LAနှင့်ကြီးကြပ်အင်ဂျင်နီယာတင်ပြစေခဲ့ခြင်းအားယခုပုံစံရေးဆွဲတင်ပြသူSLA(သို့)LAတစ်ဦးတည်းလက်မှတ်ရေးထိုးတင်ပြလာပါကProposalလက်ခံဆောင်ရွက်ပေးပါသည်။ (ကြိုတင်ဆောက်လုပ်ထားပါကကြီးကြပ်အင်ဂျင်နီယာထည့်သွင်းတင်ပြရပါမည်။) | | ✓ | ✓ | ✓ |
| ၁၉ | ၂၀၁၈ခုနှစ် စက်တင်ဘာလ | Proposal တင်ပြရာတွင် ယခင်က Slenderness Ratio တွက်ရန်အတွက် Foundation Type အားသိရှိရန် Foundation Plan တင်ပြစေခဲ့ရာမှ ယခုအခါ တင်ပြရန်မလိုတော့ပါ။ | | ✓ | | |